# ၁၉၅၃ ခုနှစ်၊ မော်လမြိုင်မြို့ ကုလားတန်းစူရတီဈေးကို မြူနီစီပါယ် ပိုင်ပြုလုပ်ခြင်းအက်ဥပဒေ။

[၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၇။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၃ ခုနှစ်၊ မော်လမြိုင်မြို့ကုလားတန်း စူရတီဈေးကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်းအက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် နိုင်ငံတော် သမတ က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) '' ကုလားတန်းစူရတီဈေး '' ဆိုသည်မှာ မော်လမြိုင်မြို့ရှိ ကုလားတန်းစူရတီဈေး (ဈေးကြီး) ကိုဆိုလိုသည်။

(ခ) '' ကုမ္ပဏီ '' ဆိုသည်မှာ မော်လမြိုင်မြို့ ကုလားတန်း စူရတီဈေး ကုမ္ပဏီလီမိတက်ကိုဆိုလိုသည်။

(ဂ) '' မြူနီစီပါယ်ကော်မီတီ '' ဆိုသည်မှာ မြူနီစီပါယ် အက်ဥပဒေအရ၊ နည်းလမ်းတကျ ဖွဲ့စည်းထားသော မော်လမြိုင်မြို့ မြူနီစီပါယ်ကော်မီတီကိုဆိုလိုသည်။

၃။ ။မြူနီစီပါယ်အက်ဥပဒေ ပုဒ်မ ၅၆ သည်၊ ဤအက်ဥပဒေပါကိစ္စများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၄။ ။(၁) အခြားတည်ဆဲတရားဥပဒေတခုခုတွင်ဖြစ်စေ၊ သဘောတူစာချုပ် စာတမ်းတခုခုတွင်ဖြစ်စေ၊ မည်သို့ပင်ဆန့်ကျင်လျက်ပါရှိစေကာမူ၊ နိုင်ငံတော် သမတ မှာ အမိန့်ကြော်စာဖြင့် မိမိသတ်မှတ်သည့်နေ့ရက်တွင် မော်လမြိုင်မြို့ရှိ ကုလားတန်း စူရတီဈေး (ဈေးကြီး) ဟုခေါ်တွင်သည့် မြေရာအဆောက်အဦစသည်တို့ကို ကုမ္ပဏီထံမှ လွှဲယူရန်အာဏာရှိရမည်။ ယင်းသို့လွှဲယူသည့်အခါ ကုလားတန်း စူရတီဈေးသည် နိုင်ငံတော် သမတ ခန့်ထားသည့် ဈေးအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ရောက်ရှိလာရမည့်ပြင်၊ နိုင်ငံတော်သမတ က ပုဒ်မခွဲ (၄) အရ မြူနီစီပါယ်ကော်မီတီသို့လွှဲအပ်ခြင်းမပြုမီ ထိုအဖွဲ့၏ကြီးကြပ်အုပ်ချုပ်မှုအောက်၌ ဆက်လက်တည်ရှိရမည်။

(၂) နိုင်ငံတော်သမတ သည်၊ ပုဒ်မခွဲ (၁) အရ ကုမ္ပဏီထံမှ လွှဲယူသည့် မြေရာအဆောက်အဦစသည့်ပစ္စည်းများကို သီးခြားဖေါ်ပြ၍ကြေညာရမည်။

(၃) ဈေးအုပ်ချုပ်ရေးအဖွဲ့သည် နိုင်ငံတော်သမတ ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာလျက်၊ မိမိသင့်လျော်သည်ထင်မြင်သည့်အတိုင်း ကုလားတန်း စူရတီဈေးရှိ ဈေးဆိုင်များနှင့် ဈေးရောင်းသည့်နေရာများကို အငှါးချထားနိုင်ရမည့်ပြင်၊ ၎င်းဈေးကိုလည်း မိမိသင့်လျော်သည်ထင်မြင်သည့်အတိုင်း၊ နိုင်ငံတော်သမတ ပြဋ္ဌာန်းသည့် နည်းဥပဒေများနှင့်မဆန့်ကျင်စေဘဲ စီမံအုပ်ချုပ်နိုင်ရမည်။

အဘိုး—၁၀ ပြား]

(၄) ကုလားဟန်း စူရတီဈေးကို ပုဒ်မခွဲ (၁) အရ လွှဲယူပြီးနောက်၊ မည်သည့်အခါတွင်မဆို နိုင်ငံတော်သမတ သည်၊ အမိန့်ကြော်ငြာစာဖြင့်၊ ထိုအမိန့်ကြော်ငြာစာတွင် သတ်မှတ်သည့်နေ့၌ ကုလားတန်းစူရတီဈေးကို မြူနီစီပါယ်ကော်မီတီသို့ အပြီးအပိုင်လွှဲအပ်လိုက်သည်ဟုကြေညာနိုင်သည်။ ယင်းသို့ကြေညာသည့်အခါ ကုလားတန်း စူရတီဈေးသည် အဆိုပါနေ့မှစ၍ မြူနီစီပါယ်ကော်မီတီပိုင်ဖြစ်ရမည်။

၅။ ။(၁) နိုင်ငံတော်သမတ သည်၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့ နောက်တလအတွင်း ဥက္ကဋ္ဌတဦးနှင့် အခြားအဖွဲ့ဝင်နှစ်ဦးပါဝင်သော ကော်မရှင်အဖွဲ့တခုကိုခန့်ရမည်။ ထိုကော်မရှင်အဖွဲ့သည်၊ အောက်ပါကိစ္စများကို သတ်မှတ်ဆုံးဖြတ်ရမည်။

(က) ဤအက်ဥပဒေအရ လွှဲယူသည့် ပစ္စည်းများအတွက် ကုမ္ပဏီကိုပေးသင့်သည့် တရားမျှတသောလျော်ကြေး၊ ကုမ္ပဏီက မြူနီစီပါယ်ကော်မီတီကို ပေးရန်ရှိသောကြွေးမြီများနှင့် မြူနီစီပါယ်ကော်မီတီက ကုမ္ပဏီကိုပေးရန်ရှိသော ကြွေးမြီများ၊ တို့ဖြင့်

(ခ) လျော်ကြေးပေးရမည့် နည်းလမ်းများ။

(၂) ပုဒ်မခွဲ (၁) အရလျော်ကြေးကို သတ်မှတ်ဆုံးဖြတ်ရာတွင်၊ ဤအက်ဥပဒေအရ နိုင်ငံတော်သမတ က၊ ကုမ္ပဏီထံမှလွှဲယူသည့်ပစ္စည်းများ၏ လွှဲယူသည့်နေ့၌ ကာလတန်ဘိုးကို၊ သို့တည်းမဟုတ် ထိုနေ့အထိ ထိုပစ္စည်းများအပေါ်တွင် ကုမ္ပဏီက ကုန်ကျသည့်စရိတ်ကို ကော်မရှင်အဖွဲ့က တရားမျှတမည်ထင်မြင်သည့်အတိုင်း ထည့်သွင်းစဉ်းစားရမည်။

ခြွင်းချက်။ ။သို့ရာတွင် အဆောက်အဦကာခု၏တန်ဘိုးကို သတ်မှတ်ဆုံးဖြတ်ရာတွင်၊ ထိုအဆောက်အဦကို ဆောက်လုပ်စဉ်ကကုန်ကျငွေမှ ဤအက်ဥပဒေအရ ကုမ္ပဏီ၏ပစ္စည်းများကို လွှဲယူသည့်နေ့အထိ ကုန်လွန်ခဲ့သောနှစ်များအတွက် တနှစ်လျှင် ၃ ရာခိုင်နှုန်းကျနှုတ်ပယ်၍ ကျန်သောငွေနှင့်ညီမျှသောတန်ဘိုးအတိုင်းသတ်မှတ်ရမည်။

၆။ ။ပုဒ်မ ၅ အရလျော်ကြေးကို သတ်မှတ်ဆုံးဖြတ်ရာတွင် ကော်မရှင်အဖွဲ့သည်၊ တရားမကျင့်ထုံး ဥပဒေကို၊ သို့တည်းမဟုတ် အခြားတည်ဆဲ ဥပဒေတခုခုကိုလိုက်နာရန်မလိုအပ်စေရ၊ သို့ရာတွင် ထိုကော်မရှင်အဖွဲ့သည် တရားမျှတစွာဆောင်ရွက်ရမည်။

၇။ ။(၁) ကော်မရှင်အဖွဲ့သည်၊ အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံး ဥပဒေအရ တရားရုံးအားအပ်နှင်းထားသော အာဏာများရရှိရမည်။

(က) အကြောင်းအရာများကို ဖွင့်လှစ်ထုတ်ဖော်စေခြင်း နှင့် ကြည့်ရှုစစ်ဆေးခြင်း။

(ခ) သက်သေများကို လာရောက်စေရန် အတင်းအကြပ် ဆင့်ခေါ်ယူခြင်း၊ သက်သေစရိတ်တင်သွင်းစေရန်ဆင့်ဆိုခြင်း။

(ဂ) စာချုပ် စာတမ်းများကို တင်ပြစေရန် အတင်းအကြပ် ဆင့်ဆိုခြင်း။

(ဃ) သက်သေများကို ကျမ်းသစ္စာဖြင့်စစ်ဆေးခြင်း။

(င) ရွေးဆိုင်းခွင့်ပေးခြင်း။

(စ) ကျမ်းကျိန်လွှာဖြင့် ထွက်ဆိုသော သက်သေထွက်ချက်ကို လက်ခံခြင်း။

(ဆ) သက်သေများကို စစ်ဆေးရန် အာဏာလွှဲအမိန့်များ ထုတ်ခြင်း။"

ထို့မှတပါး ကော်မရှင်အဖွဲ့သည်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏အဓိပ္ပါယ်အရ တရားမရုံးဖြစ်သည်ဟုမှတ်ယူရမည်။

(၂) ကော်မရှင်အဖွဲ့ဝင်များ ထင်မြင်ယူဆချက် ကွဲလွဲသည့်အခါ၊ ထို ကော်မရှင်အဖွဲ့ဝင်များရာ၏ ထင်မြင်ယူဆချက်သည်၊အတည်ဖြစ်ရမည်။

(၃) ကော်မရှင် အဖွဲ့ဝင်တယောက်သည်၊ ကော်မရှင် အဖွဲ့ဝင် အဖြစ်ဖြင့် ဆက်လက်မဆောင်ရွက်နိုင်လျှင်၊ နိုင်ငံတော် သမတ သည်၊ ထိုအဖွဲ့ဝင် အစား အခြားသူတယောက်ခန့်ထားရမည်။ ထိုသူကို ကော်မရှင်အဖွဲ့စတင်ဖွဲ့စည်းစဉ် ကပင် အဖွဲ့ဝင်အဖြစ်ခန့်ထားဘိသကဲ့သို့ ကော်မရှင်အဖွဲ့သည်၊ မိမိ၏မှုခင်းကိစ္စများကို ဆက်လက်ဆောင်ရွက်ရမည်။

၈။ ။ကုမ္ပဏီကသော်၎င်း၊ အစိုးရကသော်၎င်း၊ လျော်ကြေးနှင့် စပ်လျဉ်း သည့် ကော်မရှင်အဖွဲ့၏ဆုံးဖြတ်ချက်ကို ဥပဒေကြောင်းနှင့်ဖြစ်စေ၊အမှုခြင်းရာနှင့်ဖြစ်စေ၊ တရားလွှတ်တော်ချုပ်သို့အယူခံဝင်နိုင်သည်။

၉။ ။(၁) နိုင်ငံတော်သမတ သည်၊ ဤအက်ဥပဒေပါကိစ္စများကိုဆောင် ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများပြဋ္ဌာန်းနိုင်သည်။

(၂) အဆိုပါ အာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ အထူးသဖြင့် ထိုနည်းဥပဒေများသည်၊ အောက်ပါကိစ္စများကို ပြဋ္ဌာန်းနိုင်သည်။

(က) ဈေးအုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းပုံ၊ထိုအဖွဲ့၏အာဏာများနှင့် တာဝန်ဝတ်တရားများ။

(ခ) ဈေးအုပ်ချုပ်ရေးအဖွဲ့၏ရာထမ်းမှုထမ်းများခန့်ထားခြင်းနှင့် ထိုသူတို့၏ လစာ၊စရိတ်ကြေးငွေနှင့် အမှုထမ်းစည်းကမ်း များကိုသတ်မှတ်ခြင်း။

(ဂ) ရာထမ်း မှုထမ်းများ၏ တာဝန်ဝတ်တရားများနှင့် အာဏာ များ။

(ဃ) နိုင်ငံတော်သမတ ထံအစီရင်ခံစာများတင်သွင်းခြင်း။

(င) ဈေးအုပ်ချုပ်ရေးအဖွဲ့က ထားရှိရမည့် စာရင်းများကို စစ်ဆေးခြင်း။

(စ) ဈေးကိုပြုပြင်ထားရှိခြင်းနှင့် ကြီးကြပ်အုပ်ချုပ်ခြင်း။

၁၀။ ။(၁) ဤအက်ဥပဒေနှင့်အညီ သဘောရိုးဖြင့်ပြုလုပ်သည့်၊သို့မဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် အပြုအမူတခုခုအတွက်၊ မည်သူကိုမျှတရားမမှု ၊ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားမှုခင်းစွဲဆိုခြင်းမပြုရ။

(၂) ဤအက်ဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားသည်မှတပါး၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် အပြုအမူအတွက် အစိုးရအား၊ မည်သည့်တရားမမှု၊ သို့တည်းမဟုတ် အခြားမှုခင်းမျှစွဲဆိုခြင်းမပြုရ။